MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

# ငလျင်ဒဏ် ကူညီထောက်ပံ့ရေး ဆောင်ရွက်ချက်များ

## ညှိုးငယ်သောနှလုံးသားများအတွက် စုပေါင်းအင်အား

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း နယ်နိမိတ်အနီးတွင် ဗဟိုပြု၍ငလျင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် မြန်မာ ပြည်သူ ပြည်သားများစွာ၏ အသက်အိုးအိမ်စည်းစိမ်များနှင့် မိသားစုအသိုက် အမြုံ များစွာ ပျက်စီးဆုံးရှုံးခဲ့ရ ပါသည်။

ထိုသို့သောပျက်စီးဆုံးရှုံးမှုများအပေါ်မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MTSH) အပါအဝင် သီလဝါအထူးစီးပွားရေးဇုန်၏ရင်းနှီး တည်ထောင်သူ ကုမ္ပဏီ နှင့် သီလဝါ အထူး စီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ အနေဖြင့် ငလျင်ကြောင့် ထိခိုက် နစ်နာ ခဲ့ရသည့် အများပြည်သူများအတွက် ထပ်တူထပ်မျှ စိတ်ထိခိုက်ကြေကွဲ ရကြောင်း ဦးစွာပထမ ဖော်ပြလိုပါသည်။ အချိန်နှင့် တပြေးညီ မိမိတို့ ကုမ္ပဏီအုပ်စုအနေဖြင့် ငလျင်ဒဏ်ခံပြည်သူများအတွက် ထောက်ပံ့ရေး လှုပ်ရှားမှုများ အနေဖြင့် ကျွန်တော်များ MTSH အနေဖြင့် ထိခိုက်ဆုံးရှုံးသူများနှင့် အတူရှိနေကြောင်း ကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

## အချိန်မဆိုင်း စိတ်ရင်းဖြင့်ကမ်းသော တွဲလက်များ

MTSH မှ မြန်မာကျပ်ငွေ သိန်းတစ်သောင်း (၁,၀၀၀,၀၀၀,၀၀၀ ကျပ်) ကို ကနဦးမတည်ကာ ငလျင်ဒဏ်သင့် ဒေသများသို့ ကူညီ ထောက်ပံ့ရေးအတွက် သုံးစွဲသွားမည့်အကြောင်း ရှယ်ယာရှင်များကို အသိပေးခဲ့ပြီးနောက် MTSH ၏ တွဲဖက်ကုမ္ပဏီများမှလည်း သိန်းတစ်သောင်းငါးထောင် (၁,၅၀၀,၀၀၀,၀၀၀ ကျပ်) ကို ငလျင်ဒဏ်သင့် ဒေသများသို့ ကူညီထောက်ပံ့ရေးအတွက်လှူဒါန်းခဲ့ကြောင်းကို သတင်းကောင်းပါးအပ်လိုက်ပါသည်။ဝမ်းမြောက်မုဒိတာပွားနိုင်ရန် အသိပေးမျှဝေလိုပါသည်။

MTSH ၏ တွဲဖက်ကုမ္ပဏီများ အနေဖြင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် အကူအညီများကို အောက်ပါ နည်းလမ်းများဖြင့်ပေးအပ်ခဲ့ပါသည်။

- မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (Natural Disaster Management Committee) သို့ လှူဒါန်းခြင်း
- အရေးပေါ် ယာယီရွက်ဖျင်တဲများ
- အရန်သင့်နေအိမ်စနစ် (Modular Shelter Houses) များ
- ငွေသားအထောက်အပံ့များ
- ပြန်လည်ထူထောင်ရေးအတွက် အိမ်တွင်းလိုအပ်အခြေခံပစ္စည်းအစုံ (Home Starter Kits)
- စားသောက်ကုန်ပစ္စည်းများ

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

တင်ပြပါ အကူအညီပေးခြင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဒေသခံများထံ တိုက်ရိုက်ပေးအပ်ရန်အတွက် MTSH အုပ်စုကုမ္ပဏီများမှ အရာရှိများ၊ ဝန်ထမ်းများ အနေဖြင့် မန္တလေး၊ အမရပူရ ၊ တံတားဦး၊ နေပြည်တော်၊ စစ်ကိုင်း၊ ပျဉ်းမနားမြို့ နှင့် ရှမ်းပြည်နယ် အင်းလေးဒေသသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့ကြပြီး ဒေသခံများ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။

## MTSH နှင့် အုပ်စု ကုမ္ပဏီများ၏ တာဝန်သိ လူမှုအကျိုးပြုဆောင်ရွက်ခြင်းဆိုင်ရာ ကတိကဝတ်

MTSH နှင့် အုပ်စု ကုမ္ပဏီများ သည် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်သာမက လူ့အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ပိုင်း အဖြစ် ရှိနေပြီးသား ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ESG (သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု) ဆိုင်ရာ မူဝါဒများကို နေ့စဉ်လုပ်ငန်းအတွင်းတွင် သေချာစွာ ထည့်သွင်း အသုံးချလျက်ရှိပါသည်။

ထို့အပြင် CSR (လူမှုတာဝန်သယ်ပိုးရွက်ဆောင်ခြင်း) လုပ်ငန်းများသည် လူမှုအကျိုးပြုလုပ်ဆောင်ချက် များ သက်သက် မဟုတ်ပဲ MTSH နှင့် အုပ်စု ကုမ္ပဏီများ ၏ ခံယူချက်၊ သဘောထား၊ ယုံကြည်မှု နှင့် တာဝန်ယူခြင်း များကို ထင်ဟပ်လျက်ရှိပြီး အဆိုပါ အလုံးစုံသောရပ်တည်ချက်ကို ယနေ့ကဲ့သို့သော အရေးပေါ်အခြေအနေ များတွင် အချိန်မဆိုင်း ထောက်ပံ့ ကူညီခြင်းအားဖြင့် သက်သေပြနေပါသည်။

ကျွန်ုပ်တို့သည် မြန်မာပြည်သူများ၏ နေ့စဉ်ဘဝမှစကာ အရည်အသွေးပြည့်ဝသောဘဝတစ်ခုကို ဖန်တီးရရှိသည်အထိ ကောင်းမွန်သော ပြောင်းလဲမှုများဖြစ်လာစေရန်ကို ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

## ရှေ့ဆက်မည်ခြေလှမ်းများနှင့် ယုံကြည်ရာပန်းတိုင်

ငလျင်ကြောင့် ချစ်ခင်ရသူများကိုဆုံးရှုံးခဲ့ရသူများ၊ အိုးအိမ်ဆုံးရှုံးသွားသူများ၊ အိပ်မက်များရပ်တန့်သွား ရသူများ အားလုံးအတွက် MTSH နှင့် အုပ်စု ကုမ္ပဏီများ အနေဖြင့် ထပ်တူကြေကွဲရသလို လိုအပ်သော ပြန်လည် ထူထောင်ရေး နေ့ရက်များတွင် လည်း အတူရှိနေမည့်အကြောင်း ပြောကြားလိုပါသည်။

အရေးပေါ်အခြေအနေများတွင် စွန့်စွန့်စားစားလူ့အသက်များကိုကယ်တင်ခဲ့ကြသော စာရိတ္တမြင့်မားသည့် စေတနာ့ ဝန်ထမ်းများ၊ ဆရာဝန်၊ မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအားလည်း အထူးပင် ကျေးဇူးတင် အသိအမှတ်ပြုပါသည်။

**ပြန်လည်ထူထောင်ရေးသည် ရှည်လျားသောခရီးဖြစ်သော်လည်း MTSH နှင့် အုပ်စု ကုမ္ပဏီများ သည် မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ ကူညီကြင်နာသောနှလုံးသားနှင့် နက်ရှိုင်းသောမျှော်လင့်ချက်များ၏ စွမ်းအားဖြင့် အောင်မြင်စွာ လျှောက်လှမ်းသွားနိုင်မည်ဟု ယုံကြည်ပါသည်။ MTSH နှင့် အုပ်စု ကုမ္ပဏီများ သည် ခက်ခဲသော ဤကာလအလွန် တိုင်အောင် အားလုံးနှင့်အတူ ရှိနေသွားပါမည်။**

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com
















